

ညွန့်ဦး ရေး

# တဖြစ်လဲ

အသက်မဆုံးသမျှ-ဘဝမရှုံးနိုင်

# တဖြစ်လဲ

ညွန့်ဦး ရေးသည်

ခင်ပွန်းကောင်းကိုတွေ့၍
စိတ်သစ်ပြောင်းရသူ

ပန်းချီသရုပ်ဖော် ကျော်ဒင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

ဟေသာ ယုမ္မာ



ကိုဘိုးသာတို့ မိသားတစုမှာ အလွန်ပျော်ရွှင် ကျန်းမာသော မိသားတစု ဖြစ်၏။

ကိုဘိုးသာမှာ ကိုယ်ပိုင်လယ်ကလေးကို လုပ်ကိုင်သော လယ်သမားတဦး ဖြစ်သည်။အသက် ၃၈ နှစ်မျှသာ ရှိသေးသည်။ သူ့ဇနီး မမယ်တင့်က သူ့ထက် ၃ နှစ်မျှ ငယ်သည်။

ကိုဘိုးသာတို့၌ သမီးကလေး နှစ်ယောက် နှင့် သားကလေး တယောက် ရှိ၏။ သမီးအကြီး မလှပွင့်က ၁၁ နှစ်ခန့် ရှိ၍ သမီးအငယ် မမြပွင့်က ၉ နှစ်ခန့် ရှိသည်။ အငယ်ဆုံး သားကလေးမှာ နို့ညှာအရွယ်ပင် ရှိသေးသည်။သူ့ကို ကံကြီး ဟု ခေါ်ကြသည်။



ညနေဖက်တွင် ကိုဘိုးသာတို့ မိသားတစု ခြံထဲသို့ ဆင်း၍ သစ်ပင်များ စိုက်ပျိုး ပြုစုကြသည်။

ကိုဘိုးသာတို့ ခြံထဲ၌ စားပင် သောက်ပင်များ စုံလှသည်။ အုန်းပင် ကွမ်းသီးပင်နှင့် ငှက်ပျောပင်များ ရှိသည်။ သရက်မျိုးကောင်းများလည်း စိုက်ထားသည်။ အခြား ဟင်းရွက် ဟင်းသီးများလည်း ရာသီအလိုက် စိုက်သည်။

ကိုဘိုးသာက သစ်ပင်များ စိုက်ပျိုး ထားခြင်းသည် သားသမီးများ ကြီးပြင်းလာလျှင် စားရအောင် ဖြစ်သည် ဟု ကလေးများအား ပြောပြသည်။



ညပက် အိပ်ရာဝင်ချိန် ဖြစ်သည်။

ကိုဘိုးသာတို့အိမ်မှ ဘုရားရှိခိုးသံများ ကြားရသည်။

မလှပွင့်နှင့် မမြပွင့်တို့သည် ဘုရားရှိခိုးများနှင့် မေတ္တာပို့များကို ရွတ်ဆိုကြသည်။ ကံကြီးကို သူ့အမေများက ဘုရားရှိခိုး သင်ပေးသည်။ ကံကြီးက မပြီကလာ ပြီကလာနှင့် လိုက်၍ ဆိုသည်။

ဘုရားဝတ်ပြု၍ အပြီးတွင် ကိုဘိုးသာက အမျှ အတန်း ဝေသည်။ ထို့နောက် ကလေးများက ကြေးစည် ရိုက်ကြသည်။

တအိမ်သားလုံးမှာအလွန်စိတ်ချမ်းသာကြသည်။




ကိုဘိုးသာသည် အပေါင်းအသင်း အလွန် ကောင်း၏။ တပေါင်းလ ပွဲတော်တွင် သူကိုယ်တိုင် ခြင်းကြားယက်၍ ဖိုးဝရုပ်ကြီး လုပ်သည်။ ထို့နောက် သူကိုယ်တိုင် ဝင်၍ ကသည်။ ရပ်ရွာထဲမှ ကလေးလူကြီး သဘောကျကြသည်။

သင်္ကြန်အခါများတွင် ကိုဘိုးသာတို့ အိမ်ရှေ့၌ မုံ့လုံးရေပေါ် ကျွေးသည်။ ရွာထဲမှ ကာလသား၊ ကာလသမီးများ စုရုံးလာကြသည်။ ကိုဘိုးသာက ကွေးနေအောင် ကပြလေ့ရှိသည်။

ကိုဘိုးသာ နှင့် မမယ်တင့်တို့ကို ရှေ့သွား နောက်လိုက် ညီသော ဇနီးမောင်နှံဟု အရပ်ထဲက ခြီးမွမ်းကြသည်။

ကိုဘိုးသာကို စွယ်တော်ရွာ တရွာလုံးမှ ကလေးလူကြီးချစ်ခင်ကြသည်။



တနေ့တွင် ကိုဘိုးသာ၏ ပါးတွင် နီကျင့်ကျင့် အကွက်ကလေး တကွက် ပေါ်လာသည်။နတ်ကွက် ဟု လူများက ပြောကြသည်။

သမီးကလေးများက အဖေကို နောက်ပြောင်ကြသည်။

"ဖေဖေ့မှာ နတ်ကွက်ကြီးနဲ့၊ သူဌေး ဖြစ်တော့မယ်" ဟု မလှပွင့်က ပြောသည်။

"ဖေဖေ သူဌေးဖြစ်ယင် သမီးတို့ကို ဘာဝယ်ပေးမလဲ" ဟု မမြပွင့်က ဆက်လိုက်ပြန်သည်။

"အေး၊ အေး၊ လုံချည် အင်္ကျီတွေ အများကြီး ဝယ်ပေးမှာ ပေါ့။ ပြီးတော့ ရန်ကုန်က ရွှေတိဂုံ ဘုရားကြီးကို လိုက်ပို့မယ်ကွာ" ကိုဘိုးသာက ပြန်ပြောလိုက်သည်။

ကလေးများမှာ ဝမ်းသာ၍ မဆုံးနိုင်။

"ဖေဖေက ရန်ကုန်ကိုပို့မယ်တဲ့"ဟု အော်ဟစ်၍ သူတို့ မိခင် အား ပြောသည်။



ကိုဘိုးသာ ပါးကအကွက်သည် ၁ ကွက်မှ ၂ ကွက်၊ ၂ ကွက်မှ ၃ ကွက် ပွါး၍ လာခဲ့သည်။ အနာကွက် များသည် ပွေးကွက်များကဲ့သို့ ယားယံခြင်း မရှိလှ။

ကိုဘိုးသာက မှန်ကိုယူ၍ သူ့မျက်နှာကို ကြည့်သည်။ သူ အနည်းငယ် စိတ်မကောင်း ဖြစ်မိသည်။ "ကိုယ်ပျက်ချင်ယင် ဒီလိုဘဲ စပြီး ပေါ်တယ် ထင်ပါရဲ့"ဟု စဉ်းစားမိသည်။

မမယ်တင့်က "ကိုဘိုးသာ၊ ရှင့်မျက်နှာမှာ အကွက်တွေ များများဘဲ လာပါကလား။ လူကြီး သူကြီးတွေ ပြကြည့်ပါအုံး"

"အိုကွာ- သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဘဲ၊ တော်တော်ကြာ ပျောက်သွားမှာပါ။ စိုးရိမ်စရာ မဟုတ်ပါဘူး"

ဇနီးသည် အားငယ်မသွားစေရန် ကြံဖန်၍ပြောလိုက်ရသည်။ သို့သော် ကိုဘိုးသာမှာ စိတ်မချမ်းသာလှချေ။



ရက်တွေ လတွေ ကုန်ခဲ့ပါသည်။

ကိုဘိုးသာ မျက်နှာမှအကွက်ကလေးများ ဖောင်းကြွ၍ နှုတ်ခမ်း ထူလာသည်။ နားရွက်များလည်း တဖြည်းဖြည်း ထူလာသည်။ ကြီးလည်း ကြီးလာသည်။

သူ့တွင် မည်သို့သော ရောဂါမျိုး စွဲကပ်နေကြောင်းကို ကိုဘိုးသာ ကောင်းကောင်း သိလာသည်။

မိမိ၏ ရောဂါသည် ကလေးများသို့ ကူးစက်မည်ကို သူစိုးရိမ်မိသည်။ ထိုကြောင့် လယ်တဲကလေးတွင် တယောက်တည်း သွားနေရလျှင် ကောင်းမည်ဟု ကိုဘိုးသာက ပြောသည်။

မမယ်တင့်နှင့် မိတ်ဆွေ သင်္ဂဟများက ကိုဘိုးသာကို လယ်တဲသို့ လိုက်ပို့ကြသည်။ ကလေးများနှင့် ခွဲခွာခါနီးတွင် ကိုဘိုးသာက သားငယ် သမီးငယ်များကို နမ်းချင်သည်။ သို့သော် သူမနမ်းဝံ့။

မမယ်တင့်မှာ မျက်ရည် စက်လက်နှင့် ခွဲခွာခဲ့ရသည်။



ကိုဘိုးသာသည် လယ်တဲ၌ တဦးတည်း နေရှာသည်။ လယ်တဲမှာ ရွာနှင့် မဝေးလှချေ။ မမယ်တင့်နှင့် ဆွေမျိုးများက ထမင်းနှင့် စားစရာများ သွားရောက် ပို့ကြသည်။

ညနေကျောင်းဆင်းချိန်တွင် ရွာလမ်းပေါ်မှ ကျောင်းသားများကို ကိုဘိုးသာ ရေးရေး မြင်ရသည်။ ထိုကျောင်းသားများထဲတွင် သူ့သမီးကလေးများ ပါလိမ့်မည်ဟု ကိုဘိုးသာ မျှော်ကြည့်မိသည်။

ညအိပ်ချိန်တွင် ကိုဘိုးသာ တယောက်တည်း ဘုရားဝတ်ပြုသည်။ သားငယ် သမီးငယ်များလည်း အိမ်တွင် ဘုရားဝတ်ပြုနေကြလိမ့်မည် ဟု သူ စိတ်စောမိသည်။



ကိုဘိုးသာ လယ်တဲ၌ နေသည်မှာ ၃ လခန့် ကြာခဲ့လေပြီ။

လူများက ကောင်းသည် ဟု ပြောသော ဆေးမြီးတိုကလေးများကို မှီဝဲသည်။ သို့သော် ရောဂါမှာ ထူးခြားခြင်း မရှိလှ။ အနာများ ပွါးသည်ထက် ပွါး၍ လာခဲ့သည်။ အရေပြားအောက်ရှိ အကြောများလည်း ကြီး၍ လာခဲ့သည်။

ကိုဘိုးသာ စိတ်အလွန် ညစ်သည်။ သူ့အား နေ့စဉ် ထမင်းဟင်း လာပို့နေသော မမယ်တင့်ကို သနားမိသည်။ တခါတရံ မိမိကိုယ်ကိုပင် အဆုံးစီရင်ရန် စိတ်ကူးမိသည်။

သို့သော် သူ့စိတ်ကို သူချုပ်တည်းထားသည်။ ကံအကြောင်းထောက်မလျှင်လည်း ဆေးကောင်း ဝါးကောင်း တွေ့ဦးမှာဘဲ ဟု စိတ်ကို ဖြေလိုက်သည်။



တနေ့ နံနက်တွင် ကိုဘိုးသာ၏ သူငယ်ချင်း လှမိုးသည် ကိုဘိုးသာတဲသို့ ရောက်လာသည်။ လှမိုးသည် မြို့သို့တက်၍ ပွဲရုံ၌ အလုပ်လုပ်ခဲ့သူ ဖြစ်၏။

"ဘိုးသာရယ် ငါလဲ မင့်အကြောင်းကို ကြားရတာ စိတ်မကောင်းပါဘူးကွယ်" လှမိုးက ပြောသည်။

"ကံတရားပေါ့ကွယ်။ ငါလဲ ကောင်းတယ်ဆိုတဲ့ ဆေးတွေတော့ စားနေဒါဘဲ"

"ဒီလိုကွဲ့ ဘိုးသာရဲ့။ မြို့ပေါ်မှာ အနာကြီး ရောဂါကို အခမဲ့ ကုသပေးတဲ့ဌာနရှိတယ်ကွဲ့"

"ဘယ်သူက ဖွင့်ထားသလဲ"

"အစိုးရက ဖွင့်ထားတယ်လေ။ သူတို့ ကုသပေးလို့ ပျောက်တဲ့ လူတွေလဲ ငါကိုယ်တိုင် တွေ့ခဲ့ရတယ်။ ဒီတော့ မင်း ဘာမျှ စိတ်မပူနဲ့။ မင်းလဲ သူတို့လို ကုယင် ရောဂါပျောက်မှာဘဲ" လှမိုးက ဝမ်းသာအားရ ပြောလိုက်သည်။

"အေးကွာ။ မောင်မင်းကြီးသား ကူစမ်းပါအုံး"



နောက်တနေ့ နံနက်စောစော လှမိုး လှည်းတစီးနှင့် ပေါက်လာသည်။ ကိုဘိုးသာကို အဝတ်အစား လုံခြုံစွာ ဝတ်ဆင်ပေးပြီး နောက် မြို့သို့ ခေါ်ဆောင်သွားသည်။

အနာကြီးရောဂါကု ဆရာဝန်နှင့် အသင့်ပင် တွေ့သည်။

ဆရာဝန်က ကိုဘိုးသာကို စမ်းသပ် စစ်ဆေးပြီးနောက် ရောဂါမှာ နုသေးကြောင်း ပြောပြသည်။ ဆေးမှန်မှန် စားလျှင် ၁ နှစ်ခွဲလောက်နှင့် ပျောက်နိုင်သည် ဟု ပြောသည်။

ကိုဘိုးသာ သုံးသော အဝတ်အစား၊ မျက်နှာသုတ် ပုဝါများနှင့် စားအိုးစားခွက်များကို တသီးတခြား ထားရန် နှင့် တသီးတခြား ဖွပ်လျှော်ရန်လည်း မှာလိုက်သည်။

ဆရာဝန်က တလစာ ဆေးပေးလိုက်သည်။ တနေ့လျှင် ဆေး ၂ လုံးသာ စားရမည် ဟု မှာလိုက်သည်။ဆေးကုန်လျှင် လူလွှတ်၍ တောင်းပါ ဟုလည်း ပြောသည်။



မိုးကျခဲ့ပြီ။
ဒီနှစ်အဖို့ ကိုဘိုးသာ လယ်မလုပ်နိုင်။
သူ့တူ ဘိုးပျော့ကိုငှါးလိုက်ရသည်။
ဇနီးသယ် မမယ်တင့် ထမင်းပို့လာလျှင် ကိုဘိုးသာက ဆရာ
ဝန်နှင့် တွေ့ခဲ့ရပုံကို ပြောပြသည်။ မမယ်တင့်ကလည်း စိတ်
အားမငယ်ရန် အားပေးသည်။
ကိုဘိုးသာက သားငယ်၊သမီးငယ်များကို လွှမ်းဆွတ်ကြောင်း
ပြောသည်။ ကလေးများကို ဂရုစိုက်ရန်လည်းမှာလိုက်သည်။


D·D·S

ကိုဘိုးသာ ဆေးကို မှန်မှန် စားသည်။ ဆေးကုန်လျှင် သူ့ တူ ဘိုးပျော့ကိုလွှတ်၍ အတောင်းခိုင်းသည်။

ဆေးကို ၆-လခန့် ဆက်၍ စားမိလျှင် ရောဂါ အခြေအနေ ထူးခြားလာလေသည်။ မျက်နှာမှ အကွက်များ ပါး၍ လာသည်။ ယောင်ယမ်းသော အကြောများ လျော့၍ လာသည်။ ကိုယ်ပေါ်မှ အနာများ အကင်းသေပြီး ခြောက်သွေ့ လာသည်။

အနာကြီးရောဂါကု ဆရာဝန်လည်း နယ်လှည့်လာယင်း ကိုဘိုးသာထံသို့ မကြာခဏ ဝင်သည်။ဆရာဝန်က ကိုဘိုးသာ ရောဂါ အခြေအနေမှာ အားတက်စရာ ရှိသည်ဟု ပြောသည်။ ကိုဘိုးသာကိုလည်း စိတ်အား မငယ်ရန် အားပေးလေသည်။



မိုးရာသီတွေလည်း ကုန်ခဲ့ပြီ။
နွေရာသီတွေလည်း ကျော်ခဲ့ပြီ။
ကိုဘိုးသာ လယ်တဲ၌ တယောက်ထည်း နေလာခဲ့သည်မှာ
၂ မိုးနှင့် ၁ နွေ ရှိလေပြီ။

သူသည် ဆရာဝန် ပေးသော ဆေးကိုသာ မှန်မှန် စားလျက်ရှိသည်။

သူ့ ရောဂါမှာ သိသိသာသာကြီး သက်သာလာခဲ့သည်။ မျက်နှာမှာ ချော၍ လာခဲ့သည်။ ကိုယ်ပေါ်မှ အနာများ အလွှာလိုက် ကွာကျလာခဲ့သည်။ အကြောများလည်း ပကတိအတိုင်း ဖြစ်လာသည်။

ချိန်းထားသည့် နေ့တွင် ဆရာဝန် ရောက်လာသည်။ ဆရာဝန်သည် ကိုဘိုးသာ ကိုယ်ပေါ်မှ နောက်ဆုံး ခြစ်ယူသွားသော အနာအစအနမျာ းကို စစ်ဆေး ကြည့်ရှုခဲ့ပြီး ဖြစ်သည်။

ရောဂါ ပျံ့ပွါးနိုင်သော ရောဂါမျိုးစေ့ မတွေ့ရသဖြင့် ကိုဘိုးသာ ရောဂါ ပျောက်ကင်းနေပြီ ဟု ပြောသည်။ အိမ်သို့ ပြန်နိုင်ကြောင်း ပြော၍ ရောဂါ ပျောက်ကြောင်း လက်မှတ်တခု ပေးသည်။ ကိုဘိုးသာ အဖို့ ဝမ်းသာ၍ မဆုံးပေ။



ကိုဘိုးသာ အိမ်သို့ ပြန်ဝင်လာခဲ့ပြီ။သူ့ဇနီး နှင့် မိတ်သင်္ဂဟ များက သွားရောက် ကြိုဆိုကြသည်။

မမယ်တင့်မှာ လာရောက် မေးမြန်းသော မိတ်ဆွေများကို ဧည့်ခံရသည်မှာ အမောပင်။သမီးကလေး မလှပွင့် နှင့် မမြပွင့်မှာ ဝမ်းသာ၍မဆုံးနိုင်။

သားကလေး ကံကြီးက သူ့ဖခင်ကို မမှတ်မိချေ။

ကိုဘိုးသာက ကံကြီးကို အားရ ပါးရ နမ်းလိုက်ရာ ကံကြီး အငိုမတိတ် ဖြစ်နေသည်။ ။

# ပြည်သူ့လက်စွဲစာစဉ်မှ ထုတ်ပြီးစာအုပ်များ

## အမြို့မြို့ဆိုင်တိုင်းတွင်မေးဝယ်ပါ

### ၂၅ ပြားတန်

| | | |
|---|---|---|
| သဲရေကျ | ရေးသူ | ညွန့်ဦး |
| အစာလည်းဆေးတပါး | ။ | ညွန့်ဦး |
| ခေါင်းဆောင် ဂန္ဒီ | ။ | မောင်ဖိုး |
| ထင်မိယောင်မှား | ။ | မောင်မြတ်လှ |
| မျိုးဖျက်ရန်စွယ် | ။ | မောင်မြတ်လှ |
| အားကိုးတခု | ။ | အောင်သူ |
| တရွာသား | ။ | သာညွန့် |
| ဒေါက်တာဆွန်ယက်ဆင် | ။ | သာညွန့် |
| ထိုးဆေးတလုံး | ။ | ညွန့်ဦး |
| နှစ်ရာသီ | ။ | ညွန့်ဦး |
| လယ်တီဆရာတော် | ။ | အောင်သူ |
| နေဝင်တ | ။ | မောင်မောင် |

### ပြား ၅၀ တန်

| | | |
|---|---|---|
| မင်းအဆက်ဆက် | ရေးသူ | ကြူအေး |
| ရောင်ခြည်ဦး | ။ | သိင်္ဂီ |
| လိမ္မာပါပြီကွယ် | ။ | နုယဉ် |
| တရပ်တမြေ | ။ | မျိုးသန့် |
| ရင်ငသွေး | ။ | ရန်အောင် |
| သတ္တ | ။ | စောဦး |

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း
၅၂၈–၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

“အပြစ်ကင်းစင်၊ ကြွားအမြင်၊ များလျှင်မင်္ဂလာ”

## နောက်ဆုံးထုတ် ပြည်သူ့လက်စွဲစာစဉ်များ

**တဖြစ်လဲ။** ။ခင်ပွန်း ကောင်းကို တွေ့၍ စိတ်သစ်ပြောင်းရသူ။ (အဖိုး ၂၅ ပြား)

**သာသနာ့ဒါယကာနော်ရထာ။** ။ဗုဒ္ဓသာသနာရောင် ထွန်းလင်း ပြောင်သည့် ရှေးခေတ်ဦး (အဖိုး ၂၅ ပြား)

**လပ်ပေါ်ကိုးအုပ်။** ။မကောင်းမှုသည် တခုမှ တခုသို့ ကူးစက်၏။ (အဖိုး ၂၅ ပြား)

**မီး။** ။သတိထားလျှင် မီးရန်သူကို ရှောင်နိုင်၏။ (အဖိုး ၂၅ ပြား)

**မေတ္တာနှင့် သစ္စာ။** ။အမိအဖတို့ကို လုပ်ကျွေးသူအား နတ်တို့သည်ဆေးကုကုန်၏။ (အဖိုး ပြား၅၀)
(မင်းသုဝဏ်ရေးသည်)

**တိမ်ပျံ။** ။အကြံပိုင်၍ ပွဲကောင်းတပွဲ အနိုင်ရသူရှာသားတစု။ (အဖိုး ပြား ၅၀)
(အောင်စိုးရေးသည်)

ပြည်သူ့လက်စွဲစာစဉ်များကို သိမ်းထားလျှင်
စာကြည့်တိုက်ကလေးတခု ဖြစ်နိုင်ပါသည်။